TRAVEL AGENCY

www.on-internet.cz

MATRIX ČR®

Štúrova 1701/55, 142 00 Praha 4, Czech Republic, tel.: +420 241014300, 241723300, fax: +420 241014301, 241723301, mobil: +420 607221374, info@on-internet.cz

**စီးပွားဖော်စီးပွားဖက်များသို့ -**

**Matrix Travel Ltd.** ကို မိတ်ဆက်ပါရစေ။ **1997** ခုနှစ်တွင် တည်ထောင်ခဲ့သော ခရီးသွားလုပ်ငန်း ဖြစ်ပါသည်။ ကျွန်ုပ်တို့၏အဝင်နှင့်အထွက်ဌာနများသည် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကိုတစ်ဦးခြင်း အတွက်သော်လည်းကောင်း၊ အစုအဖွဲ့အတွက်သော်လည်းကောင်း၊ အရေးကြီးပုဂ္ဂိုလ်များအတွက် သော်လည်းကောင်း ဆောင်ရွက်ပေးလျှက်ရှိပါသည်။ လိုအပ်ချက်အတိုင်း စီစဉ်ပေးသောခရီးစဉ်များ၊ စီးပွားရေးခရီးစဉ်များ၊ ဝန်ထမ်းများအတွက်အပန်းဖြေနှင့် မက်လုံးပေးခရီးစဉ်များ၊ လုပ်ငန်းခွင်ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ သင်တန်းများကိုစီစဉ်ဆောင်ရွက် ပေးခြင်းသည် ကျွန်ုပ်တို့၏အထူးကျွမ်းကျင်မှုဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံသို့မဆို သွားရောက်လိုပါက လေယာဉ်လက်မှတ်များကို ဈေးအသက်သာဆုံး ဖြင့်ရရှိအောင် ကျွန်ုပ်တို့က စီစဉ်ဆောင်ရွက်ပေးပါသည်။ ကျွန်ုပ် တို့သည လေဆိပ်နှင့်လမ်းခုလတ်အကူးအပြောင်းဆိုင်ရာ ဝန်ဆောင်မှုတွင်လည်း သာမန်အဌား ယာဉ်မှစ၍ အထူးသီးသန့်အဆင့်မြင့်ဇိမ်ခံကားများအထိ လိုအပ်သလို စီစဉ်ဌားရမ်းဆောင်ရွက်ပေးပါသည်။ ချက်သမ္မတနိုင်ငံသို့လာရောက်သူများ၏ လိုအပ်ချက်မှန်သမျှကို ကျွန်ုပ်တို့၏အဝင်ဌာနမှ ဆောင်ရွက်ပေး ပါသည်။ ကျွန်ုပ်တို့၏အထွက်ဌာနမှ တစ်မူထူးခြားဆန်းပြားအလှမ်းဝေးသောနိုင်ငံများသို့ သွားရောက်ရန်စီစဉ်ပေး ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ စူးစမ်းလေ့လာရန်ခရီးစဉ်များ၊ စီးပွားရေးခရီးစဉ်များကိုစီစဉ်ဆောင်ရွက် ပေးလျှက်ရှိပါသည်။ ကျွန်ုပ်တို့သည် ချက်သမ္မတနိုင်ငံတွင် မက်ဆီကိုနိုင်ငံ၊ ဗင်နီဇွဲလားနိုင်ငံများ၏ သံရုံးများနှင့်ညှိနှိုင်းလျက် ထိုင်းနိုင်ငံများကို ခရီးပန်းတိုင်အဖြစ် သတ်မှတ်ဖော်ထုတ်ကြော်ငြာပေးနေသော ကုမ္ပဏီတစ်ခုဖြစ်သလို မြန်မာနိုင်ငံကိုလည်း ကြော်ငြာဖော်ထုတ်ရာတွင်ဝန်ဆောင်မှုပေးနေသော တရားဝင်ကိုယ်စားလှယ်တစ်ဦး လည်းဖြစ်ပါသည်။ ကျွန်ုပ်တို့နှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို **www.on-inernet.cz** တွင်ကြည့်ရှုနိုင် ပါသည်။

တည်းခိုရေး၊ ကြိုပို့ပေးခြင်းနှင့် မြို့တွင်းခရီးစဉ်များကို ကြိုတင်မှာကြားဆောင်ရွက်နိုင်သော **On-line Outgoing Reservation System** ကို **Matrix Travel** မှ စီစဉ်ဆောင်ရွက်ပေးထားပါသည်။ ကမ္ဘာ့နိုင်ငံပေါင်း 31 မှ အတန်းအစားအမျိုးမျိုးရှိသော ဟိုတယ်ပေါင်း 1000 ကျော်သို့ on-line ကြိုတင်မှာကြား ဆောင်ရွက်နိုင်ပါသည်။ ဟိုတယ်ခများ၊ ဟိုတယ်အကြောင်းများကို ချက်ဘာသာဖြင့်ဖော်ပြထားသလို ဟိုတယ်၏ပုံများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။ အပြောင်းအလဲရှိတိုင်းအချိန်နှင့်တပြေးညီ ပြင်ဆင်ဖော်ပြလျှက်ရှိပါသည်။ ကြိုတင်မှာကြားဆောင်ရွက်နိုင်ရန် **www.ubytovani.on-intemet.cz** ကိုချိတ်ဆက်ကြည့်လိုက်ပါ။

အခြားသိလိုသည်များရှိလျှင်သော်လည်းကောင်း၊ ဈေးနှုန်းအဆိုပြုလွှာကို အလိုရှိလျှင်သော်လည်းကောင်း **www.on-intenet.cz** ကိုချိတ်ဆက်ကြည့်နိုင်သလို ကျွန်ုပ်တို့ထံသို့လည်း email ပေးပို့ စုံစမ်းနိုင်ပါ သည်။




**ချက်သမ္မတနိုင်ငံ**

တောတောင်မြစ်ချောင်းအင်းအိုင်ပေါများသော နိုင်ငံတစ်ခုဖြစ်ပါသည်။ သမိုင်းဝင်အဆောက်အဦးများချင့် သဘာဝအလှနှင့်ပြည့်စုံသော ထူးခြားသည့်နေရာ မြောက်မြားစွာရှိသည့် ချက်သမ္မတနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများအတွက်နိဗ္ဗာန်ပင်ဖြစ်ပါသည်။ UNESCO မှ သမိုင်းဝင်မြို့အဖြစ် သတ်မှတ်ထား သော Prague ၊ တနည်းအားဖြင့်ရွှေမြို့တော်၊ တနည်းအားဖြင့် မြင့်မြင့်သွန်းသွန်း အဆောက်အဦး အထွတ်ပေါင်း ရာကျော်ရှိသည့်မြို့၊ တနည်းအားဖြင့်မြို့များ၏မိခင်မြို့၊ ဟုအမည်အမျိုးမျိုးတွင်သော Prague မြို့တွင် စိတ်ဝင်စားဖွယ် အဆောက်အဦးများနှင့်မြင်ကွင်းများစွာရှိပါသည်။ Bohemia, Moravia နှင့် Holy Roman Empire ပြည့်ရှင် Charles IV. လက်ထက်တွင် Prague ၏ ရွှေခေတ် စတင်ခဲ့ခြင်းဖြစ်ပါသည်။ ဥရောပအလယ်ခေတ်မှစ၍ အရေးပါသော မြို့ကြီးတစ်မြို့ ဖြစ်ခဲ့ပြီး ဥရောပ၏ယဉ်ကျေးမှုနှင့်နိုင်ငံရေး ဗဟိုချက်မြို့ တစ်မြို့အဖြစ်တည်ရှိခဲ့ပါသည်။

**ကျွန်ုပ်တို့အနေနှင့်အချက်အချာကျသော ဟိုတယ်များတွင်အထူးနှုန်းထားများနှင့် တည်းခိုနိုင်ရန် စီစဉ်ပေး လျှက်ရှိပါသည်။ အောက်ပါတို့မှာလူတစ်ဦးခြင်း တစ်ညတာ double room အတွက် သတ်မှတ်ထား သောနှုန်းထားများဖြစ်ပြီး၊ နံနက်စာ၊ အခွန်အခများနှင့် VAT ပါဝင်ပြီးဖြစ်ပါသည်။**

| ★ ★ | ★ ★ ★ | ★ ★ ★ ★ | ★ ★ ★ ★ ★ |
|---|---|---|---|
| **€ 11,50 မှစ၍** | **€ 15,60 မှစ၍** | **€ 25,20 မှစ၍** | **€ 63,00 မှစ၍** |
| **ENJOY OUR SPECIAL OFFER 4 = 3** | | | |

**ကျွန်ုပ်တို့၏အဝင်ဌာနမှ ဆောင်ရွက်ပေးသော ဝန်ဆောင်မှုများမှာ**

- တစ်ဦးချင်းနှင့်အဖွဲ့လိုက်အတွက် တည်းခိုနေထိုင်ရေး
- ကြိုပို့နှင့်သယ်ယူပို့ဆောင်ရေး
- ခရီးသွားလမ်းညွှန်
- စားသောက်ဆိုင်နှင့်အပန်းဖြေခရီးစဉ်များ
- သွား ၊ ပြန်ခရီးစဉ်နှင့် အခြားအစီအစဉ်များ
- အပန်းဖြေခရီးစဉ်များ
- လိုအပ်ချက်အတိုင်းစီစဉ်ပေးသောခရီးစဉ်များ
- မြစ်တွင်းခရီးစဉ်
- မီးပုံးပျံခရီးစဉ်
- သမိုင်းဝင်ယဉ်ကျေးမှုခရီးစဉ်များ
- ကျောင်းသား ၊ သူ လေ့လာရေးခရီးစဉ်များ
- ချက်ရိုးရာယဉ်ကျေးမှုနှင့် ပွဲလမ်းသဘင်ခရီးစဉ်များ
- စွန့်စားမှုခရီးစဉ်များ (ဖောင်စီးခြင်း နှင့် အခြားစွန့်စားမှုအားကစားများ)
- အထူးအစီအစဉ်များ
  (ယဟူဒီအမွေအနှစ်၊UNESCO မြို့၊ ဝိုင်နှင့်ဘီယာခရီးစဉ်)
- သီးခြားအထူးအစီအစဉ်များ (အမဲလိုက်ခြင်း၊ ငါးများခြင်း၊ စစ်ပြန်ခရီးစဉ်၊ သမိုင်းဝင်ဓါးခုတ်အားကစားခရီးစဉ်)
- မြို့တွင်းခရီးစဉ်
- လေ့လာရေးခရီးစဉ် (အရက်ချက်ရုံ၊ ဖန်ချက်ရုံ၊ စက်မှုလုပ်ငန်းများ)
- အားကစားခရီးစဉ်များ ( ဂေါက်သီးရိုက်ခြင်း၊ ခြေလျင်တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ နှင်းလျှောစီးခြင်း၊ water sports များ )
- ပြဇာတ်နှင့် ယဉ်ကျေးမှုအဆောက်အဦးခရီးစဉ် များဖြစ်ပါသည်။



သင်အံ့အားသင့်စေမည့် ချိုသာသောနှုန်းထားများဖြင့် သင့်လိုအပ်ချက်ကိုဖြည့်ဆည်းပေးသည့်ဝန်ဆောင်မှု ကို ကျွန်ုပ်တို့ကဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

သင်လိုအပ်မည့် မည်သို့သောအကူအညီ အထောက်အပံ့ကိုဖြစ်စေ၊ စီးပွားရေးရာဝန်ဆောင်မှုလုပ်ငန်းကို ဖြစ်စေ၊ လိုအပ်ချက်မှန်သမျှကိုဖြည့်ဆည်းပေးရန် ကျွန်ုပ်တို့၏ဝန်ထမ်းများက အသင့်ရှိပါသည်။

သင့်အတွက်အသင့်တော်ဆုံးနှုန်းထားဖြင့် သင့်လိုအပ်ချက်မှန်သမျှကို သင်လိုအပ်သည့်အတိုင်းဖြည့်ဆည်း ပေးရန် ကျွန်ုပ်တို့အသင့်ရှိပါသည်။

သင့်ကို **Prague** မြို့တွင် ကြိုဆိုနှုတ်ခွန်းဆက်သနိုင်ရန် မျှော်လင့်လျှက်။